# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး
# ဒသမနေ့အစီအစဉ်
# [ ၂၉–၁–၂၀၁၃ ] (အင်္ဂါနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးလှမြင့်ဦး၊ ပျဉ်းမနား မဲဆန္ဒနယ်၏ **အမေရိကန်ပြည်ထောင်စု၊ အနောက်ဖက်ကမ်းခြေ၊ ကယ်လီဖိုးနီးယားပြည်နယ်တွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတစ်ရုံး ဖွင့်လှစ်ပေးရန် ရှိ/မရှိ**နှင့် စပ်လျဉ်းသည့် မေးခွန်း။

( ခ ) ဦးညီညီမြင့်၊ အုတ်တွင်း မဲဆန္ဒနယ်၏ **သေဒဏ်ထိုက်သင့်သော ပြစ်မှုအတွက် တရားခံများဘက်မှ လိုက်ပါဆောင်ရွက်ရန် ရှေ့နေ ၄၁းရမ်းခ စရိတ်အား တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

( ဂ ) ဦးခမိုင်မှန်ကွမ်၊ ဆွမ်ပရာဘွမ် မဲဆန္ဒနယ်၏ **ကချင်ပြည်နယ်၏ မြို့တော် မြစ်ကြီးနားမြို့တွင် ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်း မြှင့်တင်နိုင်ရေးအတွက် မည်သည့် နည်းလမ်းဖြင့် ကူညီဆောင်ရွက်ပေးမည်ကို သိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးသန်းမြင့်၊ ဆားလင်းကြီး မဲဆန္ဒနယ်၏ **ဆားလင်းကြီးမြို့နယ်ရှိ ငါးခုန်–ပေါင်းဝ ကျေးရွာချင်းဆက်လမ်းအား ကျောက်ခင်းလမ်းအဖြစ် အဆင့်မြှင့် ပြုပြင်ပေးရန်**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးမောင်တိုး၊ မင်းလှ မဲဆန္ဒနယ်၏ **မင်းလှတောင်ကျချောင်းကူးတံတားအားမည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးသွားမည်ကို သိလိုသည်** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(စ) ဦးခင်မောင်မြင့်၊ ဇီးကုန်း မဲဆန္ဒနယ်၏ **ဇီးကုန်း–ဘော်ဘင် အရှည် (၁၂)မိုင်လမ်းအား အမြဲတမ်းသွားလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခြင်းအား ဆက်လက်ဆောင်ရွက်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ နွားထိုးကြီး မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပေါခင်နှင့် ဇမ္ဗူသီရိမဲ ဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်းတို့အား လိုအပ်ချက်အရ ကော်မတီပြောင်းရွှေ့တာဝန်ပေးအပ်ခြင်းနှင့်လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။

၇။ **“ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၈။ **“၁၉၄၅ ခုနှစ်၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းအုပ်ထိန်းသူ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၉။ ဦးသိန်းညွန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က **“အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း”** ကို လက်ခံ ဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

၁၀။ **"အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း"** ကို လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၁၁။ လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၂။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ၁၁ ရက်မြောက်နေ့ ဒသမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၁ ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။